ယခုကျွန်ုပ်တို့သည်ဘုရားသခင်၏မိတ်ဆွေဖြစ်ကြသည်။အသက်ရှင်တော်မူသောခရစ်တော်အားဖြင့်ကျွန်ုပ်တို့သည်ကယ်တင်ခြင်းကိုခံရသဖြင့်ရွှင်လန်းဝမ်းမြောက်ခွင့်ကိုရရှိသည်။ဘုရားသခင်သည်ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်အားဖြင့်ကိုယ်တော်၏မိတ်ဆွေဖြစ်စေတော်မူသည်။

ကျမ်းပိုဒ် - ရောမသြဝါဒစာ ၅ း ၆ - ၁၁

မေးခွန်း -

၁။ သခင်ယေရှုသည်မည်သူတို့အတွက်အသေခံတော် မူသနည်း။

၂။ သခင်ယေရှုအသေခံခြင်းသည်ကျွန်ုပ်တို့အတွက်မည်သို့
ဖြစ်စေသနည်း။

သမ္မာကျမ်းစာပုံပြင်

သင်ခန်းစာ (၇၇)



လက်တော် တော် တော

တော် တော တေ

စုဝေး ဝေး ဝေ

ဝေး ဝေ ဝ

| | |
|---|---|
| နံနက် | န |
| နက် | နက် |
| န | နံနက် |

| | |
|---|---|
| အချိန် | ချန် |
| ချိန် | ချိန် |
| ချန် | အချိန် |

| | |
|---|---|
| တိုင်အောင် | အောင် |
| ပြေးသွား | ပြေး |
| ညနေ | နေ |
| ကြွလာ | လာ |
| အလယ် | လယ် |
| နံဘေး | ဘေး |
| ပြ | ပ |
| စေလွှတ် | လွှတ် |
| တစ်ပတ် | ပတ် |

တနင်္ဂနွေ ငြိမ်သက် သောမ

## ၁၃။ **ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း (၁)**

တနင်္ဂနွေနေ့နံနက်စောစောအချိန်တွင်ပေတရုနှင့်အခြားတပည့်တော်သည်သခင်ယေရှု၏ဂူသင်္ချိုင်းသို့ပြေးသွားကြသည်။ထိုနေရာတွင်သခင်ယေရှုမရှိပါ။ထိုအချိန်တိုင်အောင်တပည့်တော်တို့သည်ကျမ်းစကားကိုနားမလည်ကြသေးပါ။ထိုတနင်္ဂနွေနေ့ညနေအချိန်တွင်တပည့်တော်တို့သည်စုဝေးနေကြ၏။သခင်ယေရှုသည်ကြွလာတော်မူ၍တပည့်တော်တို့၏အလယ်မှာရပ်တော်မူပြီးသခင်ယေရှုသည်လက်တော်များနှင့်နံဘေးတော်ကိုတပည့်တော်တို့အားပြတော်မူ၏။တပည့်တော်တို့သည်ကိုယ်တော်ကိုတွေ့မြင်ရသောအခါဝမ်းမြောက်ကြသည်။သခင်ယေရှုကသင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်း။ခမည်းတော်သည်ငါ့ကိုစေလွှတ်တော်မူသည့်နည်းတူသင်တို့ကိုငါစေလွှတ်၏”ဟုမိန့်တော်မူ၏။

တပည့်တော်တို့စုဝေးနေရာသို့ခရစ်တော်ကြွလာတော်မူသောအခါသောမသည်တပည့်တော်တို့နှင့်အတူမရှိပေ။တစ်ပတ်ကြာသောအခါတပည့်တော်များနှင့်အတူသောမလည်းရှိနေစဉ်“သောမသင်သည်ငါ့ကိုမြင်သောကြောင့်ယုံကြည်သည်။ငါ့ကိုမမြင်ရဘဲယုံကြည်သူတို့သည်မင်္ဂလာရှိကြ၏။”ဟုမိန့်တော်မူသည်။

ကျမ်းပိုဒ် - ရှင်ယောဟန်ခရစ်ဝင် ၂၀ း ၁ - ၂၉

မေးခွန်း -

၁။ သခင်ယေရှုအသက်ရှင်သည်ကိုတွေ့ရသောအခါတပည့်တော်များသည်သခင်ယေရှုဖြစ်ကြောင်းကိုမည်ကဲ့သို့သနည်း။

၂။ ယုံကြည်ခြင်းနှင့်ပတ်သက်၍သခင်ယေရှုသည်မည်ကဲ့သို့သွန်သင်ခဲ့သနည်း။

ပေတရု မင်္ဂလာ မမြင်

သမ္မာကျမ်းစာပုံပြင်
သင်ခန်းစာ (၇၈)

ဇဝံဂေလိ ဇဝံဂေလိ ဇဝံဂေလိ



အသက်တာသစ် အသက်
အသက် သက်

| | | | |
|---|---|---|---|
| ပြန်လည် | ပန် | သတိရ | သ |
| ပြန် | ပြန် | သတိ | သတိ |
| ပန် | ပြန်လည် | သ | သတိရ |

| | |
|---|---|
| အသေခံ | သေ |
| တတိယ | သ |
| တွေ့မြင် | မြင် |
| ငါးရာ | ငါး |
| ပထမ | ထ |
| ဦးဆုံး | ဦး |
| လူသား | လူ |
| ယူဆောင် | ယူ |

ညီအစ်ကို သင်္ချိုင်း မြောက်သောနေ့

## ၁၄။ **ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း (၂)**

ညီအစ်ကိုတို့သင်တို့အားငါဟောပြောသည့်ဧဝံဂေလိတရားကိုပြန်လည်၍သတိရစေလိုသည်ပထမခရစ်တော်သည်ငါတို့အတွက်အသေခံ တော်မူသည်။ကိုယ်တော်သည်သင်္ဂြိုလ်ခြင်းကိုခံတော်မူသည် ကိုယ်တော်သည်တတိယ

မြောက်သောနေ့ တွင်ရှင်ပြန်ထမြောက်တော်မူသည်။ကိုယ်တော်သည်ပေတရုအားမြင်တွေ့စေပြီးမှတစ်ကျိပ်နှစ်ပါးသောတမန်တော်တို့အားတွေ့မြင်စေသည်။အမှန်အားဖြင့်ခရစ်တော်သည်အသက်တာသစ်၌ရှင်ပြန်ထမြောက်တော်မူသည်။သေခြင်းမှပထမဦးဆုံးထမြောက်ခြင်းဖြစ်သည်။ပထမဦးဆုံးလူသားဖြစ်သောအာဒံသည်သေခြင်းကိုလူ့လောကသို့ယူဆောင်လာခဲ့သည်။ခရစ်တော်သည်သေခြင်းမှထမြောက်ခြင်းကိုယူဆောင်လာသည်။လူအပေါင်းတို့သည်အာဒံအားဖြင့်သေခြင်းသို့ရောက်သည်။လူအပေါင်းတို့သည်ခရစ်တော်အားဖြင့်အသက်ရှင်ခြင်းသို့ရောက်ကြလိမ့်မည်။

သေခြင်း၏လက်နက်ကားအပြစ်ပေတည်း။သို့သော်ထာဝရဘုရားအားချီးမွမ်းကြလော့။ထာဝရဘုရားသခင်သည်ယေရှုခရစ်တော်အားဖြင့်ကျွန်ုပ်တို့အားအောင်မြင်ခြင်းကိုပေးသည်။

ထို့ကြောင့်ကျွန်တော်ချစ်သောညီအစ်ကို တို့ဘုရားသခင်အတွက်အစဉ်အမြဲလုပ်ဆောင်ကြလော့။သင်တို့သိသည့်အတိုင်းဘုရားသခင်၌သင်တို့၏လုပ်အားသည်ဆုံးရှုံးခြင်းမရှိရ။

ကျမ်းပိုဒ် -- ကောရိန္သုဩဝါဒစာပထမ စောင် ၁၅ း ၁ -၂၁/၃၆-၅၈

မေးခွန်း- ၁။ ရှင်ပေါလုဟောသောဧဝံဂလိတရား (သတင်းကောင်း) သည်အဘယ်နည်း။

၂။ သခင်ယေရှုသည်အဘယ်ကြောင့်သေခြင်းမှရှင်ပြန်ထမြောက်ရသနည်း။

၃။ သခင်ယေရှုသည်ကျွန်ုပ်တို့အတွက်ဤအမှုကိုပြုသနည်း တူကျွန်ုပ်တို့သည်အဘယ်အမှုကိုပြုမည်နည်း။

လက်နက်　　　　အစဉ်အမြဲ　　　　လုပ်ဆောင်

သမ္မာကျမ်းစာပုံပြင်
သင်ခန်းစာ (၇၉)



| | | |
|---|---|---|
| ဆောင်ယူ | ဆောင် | ဆော |
| ဆောင် | ဆော | ဆော |
| တက်ကြွ | တက်ကြွ | တက် |
| တက်ကြွ | တက် | တက် |

| | |
|---|---|
| အုပ်ထိန်း | ထိန် |
| ထိန်း | ထိန်း |
| ထိန် | အုပ်ထိန်း |

| | |
|---|---|
| စွန်းတိုင် | စွန် |
| စွန်း | စွန်း |
| စွန် | စွန်းတိုင် |

| | |
|---|---|
| ကြွချီ | ချီ |
| ကွယ်ကာ | ကာ |
| အာရုံ | ရုံ |
| စူးစိုက် | စိုက် |
| ဖြူဖွေး | ဖြူ |
| ဝတ်ရုံ | ဝတ် |
| ဝတ်ဆင် | ဆင် |
| ဘေး၌ | ဘေး |
| နောက်ဆုံး | ဆုံး |
| တွေ့ဆုံ | ဆုံ |

အောက်တွင် ယုဒ ပေးအပ်

## ၁၅။ **ကောင်းကင်ဘုံသို့တက်ကြွခြင်း**

တမန်တော်တို့သည်ယေရှုခရစ်တော်အားနောက်ဆုံးအချိန်အဖြစ်တွေ့ဆုံကြသည်။သူတို့က"သခင်ယခုအချိန်၌ကိုယ်တော်သည်ဣသရေလအမျိုးသားတို့အားနိုင်ငံပြန်လည်ပေးအပ်ပါမည်လော"ဟုမေးကြသည်။

သခင်ယေရှုကလည်း၎င်းသူတို့အား"သင်တို့သည်တန်ခိုးတော်နှင့်အချိန်ကာလကိုသိရန်အခွင့်မရှိ။ငါ၏ခမည်းတော်သည်ထိုအရာများကိုသူ၏အုပ်ထိန်းမှုအောက်တွင်ထားရှိတော်မူသည်။သို့သော်လည်းသန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အပေါ်သို့ဆင်းသက်တော်မူ၍သင်တို့သည်တန်ခိုးကိုရလိမ့်မည်။သင်တို့သည်ငါ၏သက်သေခံအဖြစ်ယေရုရှလင်မြို့၊ယုဒပြည်တစ်ပြည်လုံးနှင့်ရှမာရိပြည်မှစ၍ကမ္ဘာမြေကြီးစွန်းတိုင်အောင်ဖြစ်ကြလိမ့်မည်"ဟုမိန့်တော်မူသည်။၎င်းသို့မိန့်တော်မူပြီးနောက်သခင်ယေရှုသည်ကောင်းကင်ဘုံသို့ဆောင်ယူခြင်းကိုခံတော်မူ၏။သူတို့သည်ကိုယ်တော်ကြွချီတော်မူသည်ကိုစောင့်ကြည့်နေကြသည်။မိုးတိမ်သည်သခင်ယေရှုကိုကွယ်ကာတော်မူ၏။ကိုယ်တော်တက်ကြွတော်မူသွားသည့်တိုင်သူတို့သည်မိုးကောင်းကင်သို့အာရုံစူးစိုက်၍ကြည့်နေကြသည်။

ရုတ်တရက်ဖြူဖွေးသောဝတ်ရုံကိုဝတ်ဆင်ထားသောလူနှစ်ဦးသည်သူတို့ဘေး၌ရပ်တော်မူသည်။ထိုသူနှစ်ဦးက"သင်တို့အဘယ်ကြောင့်မိုးကောင်းကင်သို့ကြည့်၍ရပ်နေကြသနည်း။သခင်ယေရှုအားသင်တို့ထံမှကောင်းကင်နိုင်ငံသို့ချီဆောင်သွားတော်မူပြီ။သို့သော်သူပြန်

ကြွလာလိမ့်မည်။သင်တို့သည်သူ့အားကောင်းကင်နိုင်ငံသို့တက်ကြွတော်
မူသည်ကိုတွေ့မြင်ရသည့်နည်းတူ၍နည်းအတိုင်းသင်တို့အရှင်သည်
ပြန်လည်ကြွလာတော်မူလိမ့်မည်။”

ကျမ်းပိုဒ် - တမန်တော်ဝတ္ထု ၁ း ၆ - ၁၁

မေးခွန်း -

၁။ သခင်ယေရှု၏တမန်တော်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၏
တန်ခိုးကိုရယူပြီးသောအခါအဘယ်သို့ပြုလုပ်ကြမည်နည်း။

၂။ သခင်ယေရှုကောင်းကင်နိုင်ငံသို့တက်ကြွတော်မူသည်ကိုကြည့်လျက်
ရှိနေကြသောသူတို့အားအဘယ်ကဲ့သို့သောဂတိတော်ကိုပေးသနည်း။

နိုင်ငံ သိရန် အခွင့်

သမ္မာကျမ်းစာပုံပြင်
သင်ခန်းစာ (၈၀)



မီးလျှံ　　လျှံ　　လျှ
လျှံ　　လျှ　　လှ

သွန်းလောင်း　　သွန်း　　သွန်
သွန်း　　သွန်　　သန်

| | |
|---|---|
| လေပြင်း | ပြင် |
| ပြင်း | ပြင်း |
| ပြင် | လေပြင်း |

| | |
|---|---|
| မုန်တိုင်း | မန် |
| မုန် | မုန် |
| မန် | မုန်တိုင်း |

| | |
|---|---|
| အထက် | ထက် |
| တည်နေ | တည် |
| အစွန်း | စွန်း |
| ပြည့်ဝ | ပြည့် |
| ရှင်းပြ | ရှင်း |
| မြင်မက် | မက် |
| အစေခံ | စေ |
| ရွယ်အို | အို |
| အစွမ်း | စွမ်း |
| လူရွယ် | ရွယ် |

ရူပါရုံ　　နှုတ်ကပတ်

## ၁၆။ **သန့်ရှင်းသောဝိညာဉ်တော်(၁)**

ပင်တေကုတ္တေပွဲနေ့ကျရောက်သောအခါတပည့်တော်အပေါင်းတို့သည်တစ်နေရာတည်းတွင်စုရုံးလျက်ရှိကြ၏။ရုတ်တရက်လေပြင်းမုန်တိုင်းကဲ့သို့သောအသံသည်အထက်ကောင်းကင်မှပေါ်လာသည်။တပည့်တော်တို့ထိုင်နေရာအိမ်သည်ထိုအသံဖြင့်ဖုံးလွှမ်းသွားလေ၏။ထို့နောက်မီးလျှံနှင့်တူသောအရာသည်ပေါ်လာ၍ထိုသူတို့အပေါ်တွင်တည်နေတော်မူသည်။သူတို့သည်သန့်ရှင်းသောဝိညာဉ်တော်ဖြင့်ပြည့်ဝကြလေသည်။ဝိညာဉ်တော်ပေးအပ်သည့်တန်ခိုးအစွမ်းအတိုင်းသူတို့သည်ဘာသာစကားအမျိုးမျိုးဖြင့်ဟောပြောကြ၏။

ရှင်ပေတရုက“ဤအကြောင်းများကိုငါရှင်းပြမည်။ဤအမှုအရာကပရောဖက်ယောလဟောကြားသည့်အမှုအရာပင်ဖြစ်သည်။နောက်ဆုံးသောနေ့များ၌ထိုအမှုအရာများကိုငါသည်ပြုလုပ်မည်ဟုဘုရားသခင်မိန့်တော်မူခဲ့သည်။လူမျိုးအပေါင်းတို့အပေါ်သို့ငါ့ဝိညာဉ်ကိုသွန်းလောင်းတော်မူမည်။သင်တို့၏သားသမီးများသည်ငါ့နှုတ်ကပတ်တော်တရားကိုဟောပြောလိမ့်မည်။လူရွယ်တို့သည်ဗျာဒိတ်ရူပါရုံများကိုမြင်ကြလိမ့်မည်သက်ကြီးရွယ်အိုများသက်ကြီးရွယ်အိုတို့သည်အိပ်မက်များကိုမြင်မက်ကြလိမ့်မည်။ထိုကာလ၌ငါ၏အစေခံသူများအပေါ်သို့ငါ၏ဝိညာဉ်တော်ကိုသွန်းလောင်းတော်မူမည်။သူတို့သည်ငါ၏နှုတ်ကပတ်တရားတော်ကိုဟောပြောကြလိမ့်မည်။ထိုအခါဘုရားသခင်၏နာမတော်ကိုအမှီပြု၍ဆုတောင်းသူအပေါင်းတို့သည်ကယ်တင်ခြင်းကိုခံရလိမ့်မည်”ဟုမိန့်ကြားလေသည်။


ကျမ်းပိုဒ် - တမန်တော်ဝတ္ထု ၂ း ၁ - ၂၁

မေးခွန်း - ၁။ ပင်တေကုတ္တေပွဲနေ့၌မည်ကဲ့သို့ဖြစ်ပျက်သနည်း။

၂။ သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့အမှုတော်ဆောင်ရန်မည်ကဲ့သို့ကူညီတော်မူသနည်း။

နာမတော် ပင်တေကုတ္တေ ယောလ

သမ္မာကျမ်းစာပုံပြင်
သင်ခန်းစာ (၈၁)



| | | |
|---|---|---|
| ကြင်နာ | ကြင် | ကြ |
| ကြင် | ကြ | က |

| | | |
|---|---|---|
| သနား | နား | နာ |
| နား | နာ | န |

| | |
|---|---|
| ချစ်လျှင် | ခစ် |
| ချစ် | ချစ် |
| ခစ် | ချစ်လျှင် |

| | |
|---|---|
| စောင့်ထိန်း | စော |
| စောင့် | စောင့် |
| စော | စောင့်ထိန်း |

| | |
|---|---|
| တောင်းလျှောက် | လျှောက် |
| သက်ဆိုင် | သက် |
| မနာ | နာ |
| အမှတ် | မှတ် |
| တံဆိပ် | ဆိပ် |
| မုန်းတီး | တီး |
| ဒေါသ | ဒေါ |
| အော်ဟစ် | ဟစ် |

ကျိန်ဆို ပညတ် ပယ်ရှား

# ၁၇။ သန့်ရှင်းသောဝိညာဉ်တော် (၂)

“သင်တို့သည်ငါ့ကိုချစ်လျှင်ငါ့ပညတ်တို့ကိုစောင့်ထိန်းလိမ့်မည်။ ငါသည်ခမည်းတော်ထံတောင်းလျှောက်မည်”ဟုယေရှုကမိန့်တော်မူလေသည်။“သင်တို့အားမစတော်မူမည့်အခြားအရှင်တစ်ပါးကိုပေးလိမ့်မည်။ ထိုအရှင်သည်သင်တို့နှင့်အမြဲရှိလိမ့်မည်။ထိုအရှင်သည်သမ္မာတရားကိုဖေါ်ပြမည့်ဝိညာဉ်တော်ဖြစ်သည်။လောကသားတို့သည်ထိုဝိညာဉ်တော်ကိုမခံယူနိုင်၊လောကသားတို့သည်ထိုဝိညာဉ်တော်ကိုမြင်လည်းမမြင်သိလည်းမသိကြပေ။သို့သော်ဝိညာဉ်တော်ကိုသင်တို့သိကြသည်။သင်တို့နှင့်အတူရှိ၍သင်တို့စိတ်နှလုံးတွင်ကျိန်းဝပ်တော်မူမည်။

ဝိညာဉ်တော်ကိုကျွန်ုပ်တို့သည်ဘုရားသခင်ထံတော်မှရကြသည်။ထိုဝိညာဉ်တော်သည်လောကနှင့်မသက်ဆိုင်ပေ။သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဘုရားသခင်ပေးသနားတော်မူသောကျေးဇူးတော်အပေါင်းကိုကျွန်ုပ်တို့သိရှိနိုင်သည်။

ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်မနာစေနှင့်။ထိုဝိညာဉ်တော်သည်ကျွန်ုပ်တို့၏အမှတ်တံဆိပ်ဖြစ်သည်။ဝိညာဉ်တော်၏သက်သေခံတံဆိပ်အမှတ်အသားသည်နောက်ဆုံးသောနေ့၌သင်တို့သည်လွတ်မြောက်ခြင်းကိုခံရမည့်အကြောင်းဖြစ်သည်။သူတပါးအားစိတ်နာခြင်း၊မုန်းတီးခြင်းကိုမပြုနှင့်။ဒေါသထွက်ခြင်း၊အော်ဟစ်ခြင်းနှင့်ကျိန်ဆိုခြင်းမပြုနှင့်။ခပ်သိမ်းသောမုန်းတီးခြင်း၊စိတ်နာခြင်းကိုပယ်ရှား

လော့၊တစ်ယောက်ကိုတစ်ယောက်သနားကြင်နာခြင်းရှိကြလော့။အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ပေးကမ်းကြလော့။ဘုရားသခင်သည်ခရစ်တော်ကြောင့်သင်တို့အားအပြစ်လွှတ်သည့်နည်းတူသင်တို့သည်လည်းတစ်ဦးနှင့်တစ်ဦးအပြစ်လွှတ်ကြလော့။"

ကျမ်းပိုဒ် - ရှင်ယောဟန်ခရစ်ဝင် ၁၄ း ၁၅ - ၁၇
ကောရိန္တုသြဝါဒပထမစာစောင် ၂ း ၁၂
ဧဖက်သြဝါဒစာ ၄ း ၃၀ - ၃၂

မေးခွန်း -


၁။ သင်ခန်းစာထဲတွင်သန့်ရှင်းသောဝိညာဉ်တော်အကြောင်း သင်မည်ကဲ့သို့နားလည်သနည်း။

၂။ သန့်ရှင်းသောဝိညာဉ်တော်သည်အဘယ်မှာတည်နေတော်မူသနည်း။

စိတ်နာ မစ ပေးကမ်း

သမ္မာကျမ်းစာပုံပြင်

သင်ခန်းစာ (၈၂)




ရုပ်တု    ရုပ်    ရုပ်
ရုပ်    ရုပ်    ရ

မှားယွင်း    ယွင်း    ယွင်
ယွင်း    ယွင်    ယင်

| | |
|---|---|
| အခြား | ခြာ |
| ခြား | ခြား |
| ခြာ | အခြား |

| | |
|---|---|
| ဆင်းတု | ဆင် |
| ဆင်း | ဆင်း |
| ဆင် | ဆင်းတု |

| | |
|---|---|
| ဦးမချ | မ |
| မှတစ်ပါး | တစ် |
| နာမ | နာ |
| ရည်ရွယ် | ရွယ် |
| ဒဏ်ခတ် | ဒဏ် |
| ခြောက်ရက် | ခြောက် |
| တော်ကပ် | ကပ် |
| မစိုး | စိုး |
| ပိုင်ဆိုင် | ပိုင် |
| တပ်မက် | မက် |

စီရင်    ငြိမ်ဝပ်    ဥစ္စာ

## ၁၈။ ပညတ်တော်(၁၀)ပါးနှင့်ခရစ်တော်၏ပညတ်တော်

## ပညတ်တော်(၁၀) ပါး

၁။ ငါသည်သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ငါမှတစ်ပါးအခြားသောဘုရားကိုမကိုးကွယ်နှင့်။

၂။ ရုပ်တုဆင်းတုကိုကိုယ့်အဖို့မလုပ်နှင့်၊ဦးမချနှင့်မကိုးကွယ်နှင့်။ငါ့ကိုမုန်းတီးသောသူအားလုံးကိုတရားစီရင်မည်။ငါ့ကို ငါ့စကားကိုနားထောင်သောသူအားလုံးကိုငါ၏ချစ်ခြင်းမေတ္တာဖေါ်ပြမည်။

၃။ ငါ၏နာမကိုမကောင်းသောရည်ရွယ်ချက်နှင့်သုံးမပြုနှင့်။ထိုသို့မှားယွင်းစွာအသုံးပြုသောသူများကိုဒဏ်ခတ်မည်။

၄။ ဥပုသ်တော်နေ့ကိုသန့်ရှင်းစေခြင်းငှါအောက်မေ့လော့၊တစ်ပတ်တွင်ခြောက်ရက်လုံးကိုအလုပ်လုပ်ကြလော့၊သတ္တမနေ့ရက်သည်ငြိမ်ဝပ်စွာနေရမည့်နေ့ရက်ဖြစ်သည်။ထိုနေ့ရက်ကိုငါ့အားဆက်ကပ်ကြလော့။

၅။ သင်၏အမိနှင့်အဖကိုရိုသေစွာပြုလော့။

၆။ လူ့အသက်ကိုမသတ်နှင့်။

၇။ သူ့မယားကိုမပြစ်မှားနှင့်။

၈။ သူ့ဥစ္စာကိုမခိုးနှင့်။

၉။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏တစ်ဖက်၌မမှန်သောသက်သေကိုမခံနှင့်။

၁၀။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်၊သူ၏မယား၊သူပိုင်ဆိုင်သောဥစ္စာတစ်စုံတစ်ခုကိုမျှတပ်မက်လိုချင်သောစိတ်မရှိစေနှင့်။

## ခရစ်တော်၏ပညတ်တော်

အချင်းချင်းချစ်ကြလော့ဟူသောပညတ်သစ်ကိုငါပေး၏။ငါသည်
သင်တို့ကိုချစ်သည့်နည်းတူသင်တို့သည်လည်းအချင်းချင်းချစ်ကြလော့။
သင်တို့အချင်းချင်းချစ်ကြလျှင်လူအပေါင်းတို့သည်ထိုမေတ္တာကိုထောက်
၍သင်တို့သည်ငါ၏တပည့်မှန်ဖြစ်ကြောင်းကိုသိကြလိမ့်မည်။

ကျမ်းပိုဒ် - ထွက်မြောက်ရာကျမ်း ၂၀ း ၁ - ၁၇
ရှင်ယောဟန်ခရစ်ဝင် ၁၃ း ၃၄ - ၃၅

မေးခွန်း -

၁။ သခင်ယေရှုသည်မည်သည့်ပညတ်သစ်ကိုပေးသနည်း။

၂။ ကျွန်ုပ်တို့သည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ကြ
လျှင်ကျွန်ုပ်တို့ကိုအဘယ်ကဲ့သို့သိကြမည်နည်း။

ထောက်၍ တစ်ဖက်၌ ဥပုသ်

သမ္မာကျမ်းစာပုံပြင်
သင်ခန်းစာ (၈၃)



| | | |
|---|---|---|
| မြို့ပြင် | ပြင် | ပြ |
| ပြင် | ပြ | ပ |
| ပေါက် | ပေါ | ပေ |
| ပေါ | ပေ | ပ |

| | | | |
|---|---|---|---|
| ကြွယ်ဝ | ကြွ | ဆန့်ကျင် | ဆန် |
| ကြွယ် | ကြွယ် | ဆန့် | ဆန့် |
| ကြွ | ကြွယ်ဝ | ဆန် | ဆန့်ကျင် |

| | |
|---|---|
| ငြင်းခုန် | ခုန် |
| မျက်နှာ | နှာ |
| လွှတ်တော် | လွှတ် |
| မိုက်မဲ | မိုက် |
| ဘိုးဘေး | ဘေး |
| ကြည့်လော့ | ကြည့် |
| ဖွင့်လှစ် | လှစ် |
| လကျာ် | ကျာ |
| မှတ်တော် | မှတ် |
| ခဲ | ခ |

သတေဖန် မငြင်းပယ် အဖွဲ့ဝင်

## ၁၉။ **သတေဖန်**

သတေဖန်သည်ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကိုကြွယ်ဝစွာခံစားရသူ၊တန်ခိုးတော်ကိုခံယူရရှိသူဖြစ်သည်။သူသည်ကြီးစွာသောနမိတ်လက္ခဏာအံ့ဘွယ်သောအမှုတို့ကိုလူများရှေ့မှာပြုလေ၏။သို့သော်လည်းလူအချို့တို့သည်ဆန့်ကျင်ဘက်ပြုကြသည်။သူတို့ငြင်းခုန်ကြသည်သို့သော်မငြင်းပယ်နိုင်ကြ။ထို့ကြောင့်သူတို့သည်သတေဖန်ကိုဖမ်းခဲ့ကြသည်။သူတို့သည်သူ့အားယုဒတရားလွှတ်တော်သို့ပို့ကြသည်။လွှတ်တော်၌ရှိသောလူတိုင်းသည်သတေဖန်၏မျက်နှာကဲ့သို့တောက်ပနေသည်။

သတေဖန်သည်တရားလွှတ်တော်သို့ပြောသည်မှာ“သင်တို့၏နှလုံးသားများသည်မိုက်မဲကြပါသည်တကား၊ဘုရားသခင်၏နှုတ်ကပတ်တော်အတွက်သင်တို့၏နားသည်ထိုင်းလျှက်နေပါသည်တကား။သင်တို့သည်သင်တို့၏ဘိုးဘေးများကဲ့သို့ပင်ဖြစ်သည်။သင်တို့သည်လည်းသန့်ရှင်းသောဝိညာဉ်တော်ကိုဆန့်ကျင်ဘက်ပြုလေပြီ။သင်တို့၏ဘိုးဘေးများသည်ဘုရားသခင်၏သတင်းပို့ဆောင်သောသူများကိုသတ်ခဲ့ကြသည်။ယခုလည်းဘုရားသခင်၏ဖြောင့်မတ်သောအစေခံယေရှုကိုလည်းသင်တို့သတ်ခဲ့ကြ၏။”

တရားလွှတ်တော်အဖွဲ့ဝင်များသည်သတေဖန်ပြောသောစကားများကိုနားထောင်လျက်ရှိကြသည်။သူတို့သည်သူ့ကိုဒေါသအမျက်ထွက်ခဲ့ကြသည်။သတေဖန်ကပြောသည်မှာ“ကြည့်လော့မိုးကောင်းကင်ဖွင့်လှစ်သည်ကိုငါမြင်သည်။လူသား၏သားသည်ဘုရားသခင်၏လက်ယာဘက်၌ရပ်လျက်နေသည်ကိုငါမြင်သည်။တရားလွှတ်တော်အဖွဲ့ဝင်များသည်သူ့ထံသို့တရှိန်ထိုးပြေးကြသည်။သူတို့သည်သူ့ကိုမြို့ပြင်သို့ထုတ်၍ခဲနှင့်ပေါက်ကြသည်။သူတို့မရပ်မနားခဲနှင့်ပေါက်ကြသည်။သူသည်ဘုရားသခင်ထံလျှောက်ထားတော်မူသည်မှာ“သခင်ယေရှုဘုရားကျွန်ုပ်၏ဝိညာဉ်ကိုလက်ခံတော်မူပါ။သူတို့အပေါ်အပြစ်မှတ်တော်မမူပါနှင့်”ဟုပြောပြီးနောက်အသက်ချုပ်လေသည်။

ကျမ်းပိုဒ် - တမန်တော်ဝတ္ထု ၇ း ၅၁ - ၅၂
တမန်တော်ဝတ္ထု ၇ း ၅၄ - ၆၀

မေးခွန်း -

၁။ သတေဖန်သည်မည်သူနည်း။

၂။
ယုဒတရားလွှတ်တော်သည်သတေဖန်အားမည်သို့ပြုသနည်း။

အမျက်ထွက် တရှိန်ထိုး ထိုင်လျှက်

သမ္မာကျမ်းစာပုံပြင်

သင်ခန်းစာ (၈၄)



ဗတ္တိဇံ ဗတ္တိဇံ

ဗတ္တိဇံ ဗတ္တိဇံ

အရာရှိ အရာ အရ

အရာ အရ ရ

| | | | |
|---|---|---|---|
| ပျံ့လွင့် | လွင် | နှိပ်စက် | နှပ် |
| လွင့် | လွင့် | နှိပ် | နှိပ် |
| လွင် | ပျံ့လွင့် | နှပ် | နှိပ်စက် |

| | |
|---|---|
| ညှင်းပန်း | ညှင်း |
| ပြင်းထန် | ထန် |
| ကပ်လျက် | လျက် |
| ထိုင်ပါ | ထိုင် |
| ဖိတ်ခေါ် | ခေါ် |
| ကျမ်းချက် | ကျမ်း |
| တစ်ဦး | ဦး |
| စပ်ဆိုင် | ဆိုင် |

ဖိလိပ္ပု အဆင်သင့် တောင်အရပ်

# ၂၀။ ဖိလိပ္ပု

ယေရုရှလင်မြို့ရှိအသင်တော်သည်ပြင်းထန်သောနှိပ်စက်ညှင်းပန်းခြင်းကိုခံကြရသည်။ယုံကြည်သူများသည်အရပ်ဒေသအသီးသီးသို့တကွဲတပြားစီပုံ့လွင့်သွားကြကုန်သည်။ဘုရားသခင်၏ကောင်းကင်တမန်တစ်ပါးသည်ဖိလိပ္ပုအားမိန့်ဆိုသည်မှာ“အဆင်သင့်ဖြစ်လျက်တောင်အရပ်သို့သွားလော့၊ယေရုရှလင်မြို့မှသွားသောလမ်းသို့သွားလော့ဟုဆို၏။ထိုအခါဖိလိပ္ပုသည်အဆင်သင့်ဖြစ်၍သွားလေသည်။

အရေးပါအရာရောက်သောအရာရှိတစ်ဦးသည်သူ၏အိမ်သို့သွားရာလမ်းအတိုင်းသွားလျက်ရှိသည်။သန့်ရှင်းသောဝိညာဉ်တော်သည်ဖိလိပ္ပုအားမိန့်တော်မူသည်မှာ“ထိုမြင်းရထားရှိရာသို့သွားလော့၊မြင်းရထားနှင့်ကပ်လျက်လိုက်လော့ဟု”ဆို၏။အရာရှိသည်“ကျွန်ုပ်နှင့်အတူမြင်းရထား၌ထိုင်ပါ”ဟုသူ့အားဖိတ်ခေါ်လေသည်။အရာရှိသည်သခင်ယေရှုနှင့်စပ်ဆိုင်သောကျမ်းချက်ကိုဖတ်လျက်ရှိသည်။တစ်စုံတစ်ဦးကကျွန်ုပ်အားရှင်းလင်းပြောပြခြင်းမရှိဘဲနှင့်ကျွန်ုပ်မည်ကဲ့သို့နားလည်နိုင်မည်နည်း”ဟုသူကပြောသည်။

ဤကျမ်းချက်အပိုဒ်မှစ၍ဖိလိပ္ပုသည်သခင်ယေရှုနှင့်စပ်ဆိုင်သောသတင်းကောင်းကိုပြောပြလေ၏။သူတို့ခရီးဆက်လက်ထွက်ခွါလာကြသည်။အရာရှိကလည်း“ဒီမှာရေအနည်းငယ်ရှိပါသည်။မည်သည့်အရာကကျွန်ုပ်အားဗတ္တိဇံခံခြင်းမှတားဆီးမည်နည်း”ဟုပြောလေ၏။သူ

သည်မြင်းရထားအားရပ်ရန်အမိန့်ပေးလိုက်သည်။သူနှင့်ဖိလိပ္ပုနှစ်ဦးတို့သည်ရေရှိရာသို့ဆင်းသွားခဲ့ကြသည်။ဖိလိပ္ပုသည်သူ့အားဗတ္တိဇံကိုပေးလေသည်။

အရာရှိသည်သူ့အိမ်ရှိရာသို့ပျော်ရွှင်ဝမ်းမြောက်ခြင်းအပြည့်ဖြင့်သွားလေသည်။ဖလိပ္ပုသည်ကဲသရိမြို့သို့သွားသည်။သူသည်အမြို့မြို့၌သတင်းကောင်းကိုဟောကြားလေသည်။

ကျမ်းပိုဒ် - တမန်တော်ဝတ္ထု ၈ း ၁ ၊ ၂၆ - ၄၀

မေးခွန်း -

၁။ ဘုရားသခင်သည်ဖိလိပ္ပုအားမိန့်တော်မူသောအခါသူသည်မည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။

၂။ သူသည်အမိန့်တော်ကိုနာခံခြင်းအားဖြင့်အဘယ်အရာများဖြစ်ခဲ့သနည်း။

အသင်းတော် မြင်းရထား

## သမ္မာကျမ်းစာပုံပြင်
## သင်ခန်းစာ (၈၅)



ဒေါ်ကာ ဒေါ် ဒေါ
ဒေါ် ဒေါ ဒေ

ချုပ်လုပ် ချုပ် ချု
ချုပ် ချု ခ

| | |
|---|---|
| ဆင်းရဲ | ဆင် |
| ဆင်း | ဆင်း |
| ဆင် | ဆင်းရဲ |

| | |
|---|---|
| ဖျားနာ | ဖျာ |
| ဖျားန | ဖျား |
| ဖျာ | ဖျားနာ |

| | |
|---|---|
| အလျှင် | လျှင် |
| အမြန် | မြန် |
| နှစ်ဦး | နှစ် |
| ငိုလျက် | ငို |
| ရှင်စဉ် | ရှင် |
| အခန်း | ခန်း |
| အလောင်း | လောင်း |
| မတ်တပ် | မတ် |
| ပြန့်နှံ့ | နှံ့ |

ယုပ္ပေမြို့ မုဆိုးမ ဖွင့်

## ၂၁။ ဒေါ်ကာ

ယုပ္ပေမြို့တွင်ယုံကြည်သူအမျိုးသမီးတစ်ဦးရှိလေသည်။သူမ၏အချိန်တိုင်းကိုကောင်းသောအမှုပြုခြင်း၌သာအသုံးပြုလေသည်။သူမသည်ဆင်းရဲသောသူများကိုကူညီမစသည်။သို့သော်တစ်နေ့၌သူမသည်ဖျားနာ၍သေလေသည်။

ယုပ္ပေမြို့၌ရှိသောယုံကြည်သူများသည်ရှင်ပေတရုအနီးအနား၌ရှိကြောင်းသိကြသည်။သူတို့သည်လူနှစ်ဦးအားသတင်းစကားနှင့်အတူသူ့ထံသို့စေလွှတ်လိုက်လေသည်။ကျေးဇူးပြု၍အလျှင်အမြန်ကျွန်ုပ်တို့ထံကြွပါ။”ထို့ကြောင့်ရှင်ပေတရုသည်အဆင်သင့်ဖြစ်လျက်သူတို့နှင့်အတူသွားလေ၏။

ရှင်ပေတရုသည်ယုပ္ပေမြို့သို့ရောက်လေ၏။မုဆိုးမရှိသမျှတို့သည်သူ့ထံသို့ရုံးလာကြသည်။ငိုလျှက်နှင့်သူတို့၏အင်္ကျီများအတွင်းခံအင်္ကျီများကိုပြကြ၏။ဒေါ်ကာအသက်ရှင်စဉ်ကချုပ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ရှင်ပေတရုသည်သူတို့အားအခန်းအပြင်သို့ထွက်စေသည်။သူသည်ဒူးထောက်လျှက်ဆုတောင်းနေသည်။ထို့နောက်အလောင်းဘက်သို့မျက်နှာမူ၍“ဒေါ်ကာထလော့”ဟုမိန့်လေသည်။

ဒေါ်ကာသည်သူမ၏မျက်စိတို့ကိုဖွင့်လေသည်။သူမသည်ရှင်ပေတရုကိုမြင်သောအခါထ၍ထိုင်လေသည်။သူသည်သူမအနားသို့သွား၍မတ်တတ်ရပ်နိုင်ရန်ကူညီလေသည်။ထို့နောက်သူသည်

ယုံကြည်သူများကိုခေါ်လိုက်သည်။သူသည်သူမအားလူတိုင်းအ
တွက်နှင့်မုဆိုးများအတွက်အသက်ပြန်ရှင်စေခဲ့သည်။ထိုသတင်းသည်
ယုပေ့တစ်မြို့လုံးသို့ပြန့်နှံ့သွားလေသည်။လူအများတို့သည်ဘု
ရားသခင်အားယုံကြည်ယုံကြည်ကြသည်။

ကျမ်းပိုဒ် - တမန်တော်ဝတ္ထု ၉ း ၃၆ - ၄၃

မေးခွန်း -

၁။ ဒေါ်ကာအားမည်သို့သိကြသနည်း။

၂။ ရှင်ပေတရုသည်ဒေါ်ကာအတွက်မည်သည့်အမှုကိုပြုသနည်း။

၃။ ဤသတင်းကိုကြားသောသူတို့အတွက်မည်ကဲ့သို့အကျိုး
ဖြစ်ထွန်းနည်း။

အတွင်းခံ ရပ်နိုင် မျက်စိ

သမ္မာကျမ်းစာပုံပြင်

သင်ခန်းစာ ( ၈၆ )



| | | |
|---|---|---|
| ပေါလု | ပေါ | ပေ |
| ပေါ | ပေ | ပ |
| | | |
| ထွန်းလင်း | ထွန်း | ထွန် |
| ထွန်း | ထွန် | ထန် |

| | |
|---|---|
| ဟောကြား | ဟော |
| ဟော | ဟော |
| ဟော | ဟောကြား |

| | |
|---|---|
| ပတ်လည် | လ |
| လည် | လည် |
| လ | ပတ်လည် |

| | |
|---|---|
| ကြံစည် | စည် |
| မြေပြင် | ပြင် |
| လဲကျ | ကျ |
| သင့်အား | အား |
| မမြင် | မြင် |
| စေလွှတ် | လွှတ် |
| ကိုင်ဆွဲ | ဆွဲ |
| ခေါ်ဆောင် | ဆောင် |

## ၂၂။ ရှင်ပေါလု

ရှင်ပေါလုသည်ဘုရားသခင်၏နောက်လိုက်များအားဆန့်ကျင်ဘက်ပြုသည်။သူသည်လူ့အသက်ကိုသတ်သည့်အထိကြံစည်သည်။တစ်နေ့သော်ဒမာသက်မြို့သို့လာစဉ်တွင်ကောင်းကင်မှအလင်းသည်သူ၏ပတ်လည်၌ထွန်းလင်းလေသည်။ပေါလုသည်မြေပြင်သို့လဲကျသွားသည်။ထို့နောက်အသံတစ်သံသည်သူ့အားမိန့်တော်မူသည်။ပေါလု၊ပေါလုသင်သည်အဘယ့်ကြောင့်ငါ့အားနှိပ်စက်ညှင်းဆဲပါသနည်း။ပေါလုကသခင်သည်မည်သူဖြစ်ပါသနည်းဟုမေးလေသည်။အသံတော်ကလည်းငါသည်ယေရှုဖြစ်၏။သင်နှိပ်စက်ညှင်းပန်းသောသူဖြစ်သည်။ထ၍မြို့တွင်းသို့သွားလော့၊ထိုအရပ်၌သင်လုပ်ရမည့်အလုပ်ကိုသင့်အားပြောလိမ့်မည်ဟုမိန့်တော်မူသည်။

ပေါလုသည်မတ်တတ်ရပ်လိုက်သောအခါဘယ်အရာကိုမျှမမြင်ရတော့ပေ။သူတို့သည်သူ့အားလက်ကိုကိုင်ဆွဲ၍ဒမာသက်မြို့တွင်းသို့ခေါ် ဆောင်သွားကြသည်။ထိုအရပ်၌အာနနိအမည်ရှိသောခရစ်ယာန်တစ်ဦးနေလေသည်။အာနနိသည်ပေါလုထံသွား၍သူ၏လက်ကိုတင်လေသည်။အာနနိကညီပေါလုငါ့အားဘုရားသခင်စေလွှတ်ခြင်းဖြစ်သည်။သခင်ယေရှုကိုယ်တော်တိုင်သင့်အားလမ်းခရီး၌ကိုယ်ထင်ပြခဲ့သည်။ကိုယ်တော်သည်သင့်အားမျက်စိအလင်းပြန်ရစေ၍သန့်ရှင်းသောဝိညာဉ်တော်ဖြင့်ပြည့်ဝစေခြင်းငှာငါ့အားစေလွှတ်တော်မူသည်။

ပေါလုသည်ဒမာသက်မြို့၌ယုံကြည်သူအပေါင်းတို့နှင့်ရက်အနည်းငယ်နေထိုင်သည်။သခင်ယေရှုသည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းတရားကိုဟောကြားသည်။သူ၏ဟောကြားချက်ကိုကြားရသောသူတိုင်းအံ့ဩကြသည်။"ဤသူသည်သခင်ယေရှု၏နောက်လိုက်များကိုသတ်ဖြတ်ခဲ့သူမဟုတ်လော"ဟုသူတို့မေးကြသည်။သို့သော်ပေါလု၏တရားဟောချက်တို့သည်တန်ခိုးတော်နှင့်ပြည့်၍လာသည်။သခင်ယေရှုသည်မေရှိယဖြစ်ကြောင်းသူသည်သက်သေထူလေသည်။ယုဒလူတို့သည်သူ့အားမည်သို့မှမဖြေနိုင်ပါ။

ကျမ်းပိုဒ်----တမန်တော်ဝတ္ထု ၉း၁-၂၂

မေးခွန်း

၁။ ပေါလုသည်မည်ကဲ့သို့ကယ်တင်ခြင်းကိုရသနည်း။

၂။ ပေါလု၏အသက်တာသည်မည်ကဲ့သို့ပြောင်းလဲလာသနည်း။

မတ်တပ်ရပ် လက်ကိုတင် သတ်ဖြတ်

သမ္မာကျမ်းစာပုံပြင်
သင်ခန်းစာ (၈၇)



ကောနေလိ ကောနေလိ
ကောနေလိ ကောနေလိ

တပ်မှူး မှူး မှူ
မှူး မှူ မူ

| | |
|---|---|
| အာဏာ | အ |
| အာ | အာ |
| အ | အာဏာ |

| | |
|---|---|
| စွန့်ကြဲ | စွန် |
| စွန့် | စွန့် |
| စွန် | စွန့်ကြဲ |

| | |
|---|---|
| အိမ်ထောင် | ထောင် |
| မိသားစု | သား |
| စေလိုသော | လို |
| အသက်ရှင် | သက် |
| ပင့်ခေါ် | ခေါ် |
| သေသူ | သေ |
| ပြောစဉ် | စဉ် |
| နည်းတူ | နည်း |

ရောမ နာဇရက်

## ၂၃။ ရှင်ပေတရုနှင့်ကောနေလိ

ရောမတပ်မှူးကောနေလိသည်ကဲသရိမြို့တွင်နေထိုင်သည်။သူနှင့်သူ၏အိမ်ထောင်မိသားစုသည်ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ကြသည်။တစ်နေ့သောညနေပိုင်းတွင်သူသည်ဘုရားသခင်၏ကောင်းကင်တမန်ကိုတွေ့မြင်ရသည်။ကောင်ကင်တမန်ကဘုရားသခင်သည်သင်၏ဆုတောင်းပဌာနာပြုခြင်းနှင့်ပေးကမ်းစွန့်ကြဲခြင်းအမှု့များအတွက်နှစ်သက်တော်မူသည်ဟုပြောသည်။ရှိမုန်ပေတရုကိုသင့်အိမ်သို့ပင့်ခေါ်ရန်အတွက်ယုပေမြို့သို့လူများကိုစေလွှတ်လော့။

ရှင်ပေတရုသည်ကဲသရိမြို့သို့ရောက်သောအခါကောနေလိက"ကျွန်ုပ်တို့အားလုံးစောင့်နေကြပါသည်"ဟုပြောသည်။ဘုရားသခင်ကသင့်အားပြောကြားစေလိုသောအရာများကိုကျွန်ုပ်တို့အားပြောကြားပါဟုပြောလေသည်။ရှင်ပေတရုကစတင်၍"နာဇရက်မြို့သားယေရှုကိုသင်သိပါသလား။ဘုရားသခင်သည်သူ့အပေါ်၌သန့်ရှင်းသောဝိညာဉ်တော်နှင့်တန်ခိုးကိုသွန်းလောင်းတော်မူ၏"ဟုပြောကြားလေသည်။

ကိုယ်တော်သည်စာတန်မာရ်နတ်၏တန်ခိုးအာဏာတွင်ကျရောက်သူများကိုကယ်တင်တော်မူခဲ့သည်။ဘုရားသခင်သည်ကိုယ်တော်နှင့်အတူရှိတော်မူသည်။ကိုယ်တော်ရှင်လုပ်သမျှအတွက်ငါတို့သည်သက်သေများဖြစ်ကြသည်။သို့သော်သူတို့သည်ကိုယ်တော်ရှင်အားလက်ဝါးကားတိုင်ပေါ်တင်၍သတ်ခဲ့ကြသည်။ဘုရားသခင်သည်ကိုယ်တော်အားတတိယမြောက်သောနေ့၌ရှင်ပြန်ထမြောက်စေ၍ကိုယ်တော်သည်ငါတို့အလယ်၌ကိုယ်ထင်ပြတော်မူသည်။ဘုရားသခင်သည်သခင်ယေရှုအားအသက်ရှင်သူနှင့်သေသူတို့အပေါ်၌တ

ရားစီရင်ရန်ခန့်အပ်တော်မူကြောင်းငါတို့သည်သက်သေခံကြသည်။ ကိုယ်တော်အားယုံကြည်သူတိုင်းသည်ကိုယ်တော်၏ဘုန်းနာမတော်အားဖြင့်အပြစ်မှဖြေလွှတ်ခြင်းကိုခံကြရသည်။

ရှင်ပေတရုထိုသို့ပြောစဉ်သန့်ရှင်းသောဝိညာဉ်တော်သည်နားထောင်သူအပေါင်းတို့အပေါ်၌ဆင်းသက်သည်ကိုမြင်သဖြင့်သူက“ဤသူအပေါင်းတို့သည်ငါတို့နည်းတူသန့်ရှင်းသောဝိညာဉ်တော်ကိုရကြလေသည်”ဟုမိန့်တော်မူခဲ့သည်။ထို့ကြောင့်သူသည်ခရစ်တော်၏နာမတော်၌ဗတ္တိဇံခံယူရန်အမိန့်ပေးလေသည်။

ကျမ်းပိုဒ် - တမန်တော်ဝတ္ထု - ၁၀

မေးခွန်း -


၁။ ကောနေလိသည်မည်သို့သောပုဂ္ဂိုလ်ဖြစ်သနည်း။

၂။ အဘယ်ကြောင့်ရှင်ပေတရုသည်ကောနေလိအားတွေ့ဆုံရန်သွားသနည်း။

၃။ မည်သည့်တရားကိုရှင်ပေတရုသည်ဤသူအပေါင်းတို့အားဟောပြောသနည်း။

စာတန် တင်၍ ခန့်အပ်

သမ္မာကျမ်းစာပုံပြင်
သင်ခန်းစာ (၈၈)



| | | |
|---|---|---|
| တံပိုး | ပိုး | ပို |
| ပိုး | ပို | ပိ |
| မှုတ် | မှု | မှ |
| မှု | မှ | မ |

| | | | |
|---|---|---|---|
| သေလွန် | လန် | ကြေကွဲ | ကဲ |
| လွန် | လွန် | ကွဲ | ကွဲ |
| လန် | သေလွန် | ကဲ | ကြေကွဲ |

| | |
|---|---|
| ဝမ်းနည်း | ဝမ်း |
| သေခြင်း | ခြင်း |
| ဆောင်သွား | သွား |
| ဆင်းသက် | သက် |
| ကျန်ရစ် | ရစ် |
| နှစ်သိမ့် | သိမ့် |
| ဂုဏ်ပြု | ဂုဏ် |
| အကျွန်ုပ် | ကျွန်ုပ် |

ထမြောက်　　　ချီးကျူး　　　ဒုက္ခဆင်းရဲ

## ၂၄။ သခင်ဘုရားပြန်လည်ကြွလာခြင်း။

ညီအစ်ကိုတို့သေလွန်သူများနှင့်ပတ်သက်၍အမှန်တရားကို သိကြပါ။မျှော်လင့်စရာမရှိသူတို့ကဲ့သို့သင်တို့ဝမ်းနည်းကြေကွဲမှုမရှိရကြ။ သခင်ယေရှုသည်သေခြင်းမှထမြောက်သည်ကိုအကျွန်ုပ်တို့ယုံကြည်ကြ၏။ထိုနည်းတူသခင်ယေရှုကိုယုံကြည်လျက်သေလွန်သွားကုန်သောသူတို့အားဘုရားသခင်သည်ခေါ်ဆောင်သွားတော်မူလိမ့်မည်။သူတို့သည်သူနှင့်အတူရှိနေလိမ့်မည်။

ဘုရားသခင်ကြွလာတော်မူသောနေ့၌ကောင်းကင်တမန်မင်း၏အသံပေးခြင်း၊ဘုရားသခင်၏တပိုးတော်ကိုမှုတ်ခြင်းနှင့်တကွဘုရားသခင်ကိုယ်တော်တိုင်ကောင်းကင်ဘုံမှဆင်းသက်ကြွလာတော်မူလိမ့်မည်။ခရစ်တော်၌ယုံကြည်၍သေလွန်သောသူတို့သည် ဦးစွာရှင်ပြန်ထမြောက်ကြလိမ့်မည်။ထို့နောက်အသက်ရှင်ကျန်ရစ်သောငါတို့သည်ယူဆောင်ခြင်းကိုသူတို့နှင့်အတူခံရလိမ့်မည်။ငါတို့သည်ဘုရားသခင်နှင့်အာကာသ၌တွေ့ဆုံ၍ဘုရားသခင်နှင့်အတူအစဉ်အမြဲနေကြရမည်။

ဘုရားသခင်သည်ဒုက္ခဆင်းရဲခံရသောသင့်အားငါတို့နည်းတူနှစ်သိမ့်ရာဖြစ်တော်မူလိမ့်မည်။သခင်ယေရှုသည်တန်ခိုးကြီးသောကောင်းကင်တမန်များနှင့်အတူကောင်းကင်ဘုံမှကြွလာတော်မူ၍ဘုရားသခင်ကိုငြင်းပယ်သူတို့အားသခင်ယေရှုသည်အပြစ်ဒဏ်စီရင်လိမ့်မည်။သူတို့သည်ထာဝရဆုံးရှုံးပျက်စီးခြင်းကိုခံရမည်။

ထိုနေ့၌ဘုရားသခင်သည်ကြွလာတော်မူလိမ့်မည်။ကိုယ်တော်သည်မိမိအားယုံကြည်သူတို့၏ဘုန်းတော်ချီးမွမ်းခြင်းကို

လည်းကောင်း၊ဂုဏ်ပြုချီးကျူးခြင်းကိုလည်းကောင်းခံယူရရှိ လိမ့်မည်။ သင်တို့သည်ငါတို့ဟောပြောသက်သေခံသည်ကိုယုံကြည် သည်ဖြစ်၍သင်တို့သည်လည်းကိုယ်တော်ကိုဂုဏ်ပြုချီးကျူး သည့်လူစုတွင်ပါဝင်ကြလိမ့်မည်။

ကျမ်းပိုဒ် - သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄ း ၁၃ - ၁၈
သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၁ း ၆ - ၁၀

မေးခွန်း -

၁။ ဘုရားသခင်ပြန်လည်ကြွလာသောအခါမည်သို့ဖြစ် မည်နည်း။

၂။ ဘုရားသခင်ကိုငြင်းပယ်သူများနှင့်ယုံကြည်သူများသည် အဘယ်ကဲ့သို့ဖြစ်ကြလိမ့်မည်နည်း။

အာကာသ ကောင်းကင်ဘုံ မျှော်လင့်

သမ္မာကျမ်းစာပုံပြင်

သင်ခန်းစာ (၈၉)



| | | |
|---|---|---|
| နေအိမ် | အိမ် | အိ |
| အိမ် | အိ | အ |
| ကောင်းကင်သစ် | ကောင်းကင် | ကောင်း |
| ကောင်းကင် | ကောင်း | ကော |

| | | | |
|---|---|---|---|
| မျက်ရည် | ရ | စက်ဆုပ် | ဆု |
| ရည် | ရည် | ဆုပ် | ဆုပ် |
| ရ | မျက်ရည် | ဆု | စက်ဆုပ် |

| | |
|---|---|
| ကွက်ပျောက် | ပျောက် |
| ပျောက်ကွယ် | ကွယ် |
| ရေငတ် | ငတ် |
| ပူဆွေး | ဆွေး |
| ရွံ့ရှာ | ရှာ |
| ပြုစား | ပြု |
| လိမ်လည် | လည် |
| နာကျင် | နာ |
| မြေကြီးသစ် | ကြီး |
| အကျင့်ပျက် | ကျင့် |

သူရဲဘော ကန့် ရှင်ယောဟန်

## ၂၅။ **ကောင်းကင်နိုင်ငံတော်မှကျွန်ုပ်တို့၏ နေအိမ် (၁)**

သခင်ယေရှုကငါ့အဖအိမ်တွင်“နေစရာအခန်းများစွာရှိ၏။ ငါသည်သင်တို့အတွက်နေစရာကိုသွား၍ပြင်ဆင်မည်။သင်တို့ထံပြန်လာ၍သင်တို့ကိုငါ့ထံသို့ခေါ်ဆောင်မည်။ထိုနေရာတွင်သင်တို့သည်ငါနှင့်အတူရှိနေလိမ့်မည်။”

ပထမကောင်းကင်နှင့်မြေကြီးသည်ကွယ်ပျောက်၍ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုရှင်ယောဟန်သည်ရူပါရုံ၌မြင်ရ၏။ပလ္လင်တော်ပေါ်မှကျယ်လောင်စွာပြောသောအသံကိုသူသည်ကြားရ၏။ “ယခုအခါဘုရားသခင်သည်လူသားတို့ထံတွင်ကျိန်းဝပ်တော်မူမည်။ ကိုယ်တော်သည်သူတို့၏။မျက်ရည်ရှိသမျှကိုသုတ်တော်မူမည်။ နောက်တဖန်သေခြင်း၊ဝမ်းနည်းပူဆွေးခြင်း၊ငိုကြွေးခြင်း၊နာကျင်ခြင်းမရှိရ။ထိုအရာအားလုံးတို့သည်ပျောက်ကွယ်သွားပြီ။”

ပလ္လင်တော်ပေါ်တွင်ထိုင်နေတော်မူသောအရှင်ကယခုအခါခပ်သိမ်းသောအရာတို့ကိုငါအသစ်ဖန်ဆင်းပြီ။ကိုယ်တော်ကရှင်ယောဟန်အားဤစကားသည်မှန်ကန်၍ယုံကြည်ရသောစကားဖြစ်၏။ငါသည်ဤအခွင့်အရေးကိုရေငတ်သောသူတိုင်းအားပေးမည်။“အသက်စမ်းရေကိုအဘိုးအခမပေးဘဲသောက်ရလိမ့်မည်အောင်မြင်သောသူတိုင်းသည်ထိုအရှင်ထံမှဤအခွင့်အရေးကိုလက်ခံရရှိလိမ့်မည်။ငါသည်သူ၏ဘုရားသခင်ဖြစ်မည်။ သူသည်လည်းငါ၏သားဖြစ်လိမ့်မည်။သို့ရာတွင်သူရဲဘောနည်းသူ၊သစ္စာဖေါက်သူ၊စက်ဆုပ်ရွံရှာဖွယ်ကောင်းသူ၊လူသတ်သူ၊

အကျင့်ပျက်သူ၊စုန်းအဖြင့်ပြုစားသူ၊ရုပ်တုကိုးကွယ်သူ၊
လိမ်လည်ပြောဆိုသူတို့သည်ကန့်မီးအိုင်ထဲသို့ရောက်ကြလိမ့်
မည်။ဤကားဒုတိယသေခြင်းဖြစ်သတည်း။

ကျမ်းပိုဒ်---ရှင်ယောဟန်ခရစ်ဝင် ၁၄း၂-၃
ဗျာဒိတ်ကျမ်း ၂၀း၁၂-၁၃
။ ၂၁း၁-၈

မေးခွန်း

၁။ ကောင်းကင်နိုင်ငံတော်တွင်ကျွန်ုပ်တို့အတွက်မည်ကဲ့
သို့သောအိမ်ကိုပြင်ဆင်ထားသနည်း။

၂။ ကောင်းကင်နိုင်ငံတော်မှာကျွန်ုပ်တို့သည်အဘယ်သူနှင့်
နေရမည်နည်း။

၃။ ကန့်မီးအိုင်ထဲမှဒုတိယသေခြင်းကိုမည်သူများရင်ဆိုင်
ရမည်နည်း။

မီးအိုင် သစ္စာဖောက် စုန်းအတက်



သမ္မာကျမ်းစာပုံပြင်

သင်ခန်းစာ (၉၀)

ဘုန်းအသရေ အသရေ ရေ

အသရေ ရေ ရ

အခမဲ့ မဲ့ မဲ

မဲ့ မဲ မ

| | |
|---|---|
| ညစ်ညမ်း | ည |
| ညမ်း | ညမ်း |
| ည | ညစ်ညမ်း |

| | |
|---|---|
| ဗိမာန် | မာ |
| မာန် | မာန် |
| မာ | ဗိမာန် |

| | |
|---|---|
| တောင်ထိပ် | ထိပ် |
| မြင့်မြတ် | မြတ် |
| မတွေ့ | တွေ့ |
| အရောင် | ရောင် |
| စည်းစိမ်း | စည်း |
| စာအုပ် | အုပ် |
| စာရင်း | ရင်း |
| ဆုချ | ဆု |

ဘုရင် တမန်

## ၂၆။ **ကောင်းကင်နိုင်ငံတော်မှကျွန်ုပ်တို့၏နေအိမ်**

ကောင်းကင်တမန်သည်အလွန်မြင့်သောတောင်ထိပ်ပေါ်သို့ဝိညာဉ်တော်အားဖြင့်ငါ့ကိုခေါ်ဆောင်သွားသည်။ကောင်းကင်တမန်သည်ငါ့အားသန့်ရှင်းမြင့်မြတ်သောယေရုရှလင်မြို့ကိုပြသည်။ထိုမြို့သည်ထာဝရဘုရားစံတော်မူရာကောင်းကင်ဘုံမှဆင်းသက်လာသည်။ထိုမြို့သည်ထာဝရဘုရား၏ဘုန်းအသရေတော်နှင့်ထွန်းလင်း၍နေ၏။

ထိုမြို့ထဲတွင်ဗိမာန်တော်ကိုငါမတွေ့ရ။ထိုအရပ်၌ဘုရားသခင်ကိုယ်တော်တိုင်ရှိတော်မူသည်။ထိုမြို့ပေါ်သို့ထာဝရဘုရား၏ဘုန်းတော်သည်ထွန်းလင်းလျှက်ရှိသည်။ထို့ကြောင့်ထိုမြို့သည်နေ၏အရောင်၊လ၏အရောင်မလိုပေ။မြေကြီးသားအပေါင်းတို့သည်ထိုမြို့၏အလင်း ရောင်ကိုအမှီပြု၍သွားလာကြ၏။ရှင်ဘုရင်တို့သည်လည်းသူတို့၏စည်းစိမ်ဥစ္စာများ၊ထိုမြို့သို့ယူဆောင်လာကြလိမ့်မည်။သို့ရာတွင်အဘယ်ညစ်ညမ်းသည့်အရာမှထိုမြို့တွင်းသို့မဝင်ရကြ။စက်ဆုပ်ရွံရှာဖွယ်အမှုကိုပြုသူ၊လိမ်လည်ပြောဆိုသူမှန်သမျှတို့သည်လည်းဝင်ခွင့်ရလိမ့်မည်မဟုတ်။သိုးသငယ်၏အသက်စာအုပ်စာရင်းတွင်အမည်ပါဝင်သူများသာလျှင်ဝင်ရကြလိမ့်မည်။

ဘုရားသခင်၏ပလ္လင်တော်နှင့်သိုးသငယ်သည်ထိုမြို့ထဲတွင်ရှိလိမ့်မည်။သူ၏အစေခံများသည်သူ့အားဝတ်ပြုကိုးကွယ်ကြလိမ့်မည်။သူသည်ထိုသူတို့၏အလင်းဖြစ်လိမ့်မည်။သူတို့သည်ဘုရင်အဖြစ်နှင့်ထာဝရစိုးစံကြရလိမ့်မည်။သခင်ယေရှုက"လူတိုင်းအားသူတို့၏လုပ်ဆောင်ချက်အပေါ်၌ငါသည်ဆုချပေးမည်ဟုမိန့်တော်မူ၏။ငါသည်ပထမနှင့်နောက်ဆုံးဖြစ်၏။အစနှင့်အဆုံးလည်းဖြစ်၏"၊ဆာငတ်သောသူတိုင်းလာကြလော့။အခမဲ့ပေးသောအသက်စမ်းရေဆုလ္လာ်ကိုရယူကြလော့။

ကျမ်းပိုဒ်---ဗျာဒိတ်ကျမ်း ၂၁း၁၀-၂၇
၂၂း၁၇

မေးခွန်း

၁။ ကောင်းကင်နိုင်ငံတော်၏အလင်းသည်မည်သူဖြစ်သနည်း။

၂။ ကောင်းကင်နိုင်ငံသို့မည်သူတို့သည်ဝင်ရောက်နိုင်၍မည်သူတို့သည်မဝင်ရောက်နိုင်သနည်း။

၃။ သခင်ယေရှု၏အသက်စမ်းရေကိုသင်လက်ခံရရှိပြီလား။

အလွှန်မြင့် ခံတော်မူ အမှီပြု

## ဝေးလှသောတောင်ကုန်းပေါ် ထူထားသောတိုင်တော်ကျူး

၁။ ဝေးလှသောတောင်ကုန်းပေါ် ထူထားသောတိုင်တော်သည်၊
ရှက်ကြောက်ဖွယ်ဒုက္ခခံရာတိုင်တည်း။
ပြစ်လောကကိုကယ်ရန်သေခံရာတိုင်တော်ကို၊
ကျွန်ုပ်သည်ထူးပင်ချစ်ခင်မြတ်နိုး။

ထပ်ဆို-တိုင်တော်ကိုကျွန်ုပ်သည်လေးမြတ်မည်
လမ်းဆုံမှာအောင်ပန်းကိုချထားမည်
ကျွန်ုပ်သည်မှီတွယ်သောတိုင်တော်ဖြင့်
သရဖူကိုတနေ့ဖြင့်လဲချင်

၂။လောကလုံးရွံရှာသောလက်ဝါကပ်တိုင်တော်၏
ဆွဲနိုင်သောတန်ခိုးသည်အံ့ဘွယ်တည်း
ထက်ကောင်းကင်ဘုန်းတော်ပင်သိုးသငယ်စွန့်ပြီးခါ
သစ်တိုင်မှာသေခံရန်ကြွဆင်းလာ
၃။ သွေးတော်နှင့်စွန်းကွက်သောလက်ဝါးကပ်တိုင်သည်
အံ့ဩဖွယ်တင့်တယ်လှပပေ၏
ကျွန်ုပ်ကိုအပြစ်လွတ်လျှက်သန့်ရှင်းစင်ကြယ်စေရန်
ယေရှုရှင်ထိုတိုင်ပေါ်မှာသေခံ
၄။ တိုင်တော်ကိုကျွန်ုပ်သည်စဉ်သစ္စာရှိပါမည်
ကဲ့ရဲ့ခြင်းပြစ်တင်ခြင်းခံလိုသည်
ကောင်းကင်ဘုံစံဘိုရာကိုယ်တော်ရှင်ခေါ်သောအခါ
ကိုယ်တော်နှင့်အတူဘုန်းတော်ဝင်စား။

## မြတ်လှနာမကျူး

၁။ ယေရှုမြတ် နာမတော်ယူပါ
စိတ်ပင်ပန်း ဝန်လေးသောသူ
နှစ်သိမ့် ဝမ်းသာခြင်းကြောင့်ဖြစ်ရာ
သွားလေရာရာ ပါဆောင်ယူ

ထပ်ဆို= ( မြတ်နာမ ချိုသာလှ
မြေနှင့်ကောင်းကင်ရွှင် မူးရာ ) ၂-ခါဆို

၂။ ယေရှုနာမမြဲစွဲ ယူပါ
ဘေးရန်မျိုးအကွယ်အကာ
သွေးဆောင်ခြင်းမှုနှောင့်ယှက်ခါ
နာမတော်နှင့် ဆုတောင်းပါ

၃။ အိုမြတ်လှရှင်ယေရှုနာမ
ဘယ်မျှစိတ်ရွှင်လန်းစေသည်
မေတ္တာလက်တော်နှင့်သိမ်းမူကား
ထောမနာ သီချင်းဆိုမည်။

၄။ လမ်းဆုံးကောင်းကင်ဘုံသို့ရောက်လျှင်
မြတ်နာမတော်သံကြား၍
ခြေတော်ရင်း၌ဦးညွှတ်ချစဉ်
မင်းတကာမင်းခေါ်မြှောက်မည်။

## ကိုယ်တော်သည်အံ့ဩဘွယ်

ကိုယ်တော်သည်အံ့ဩဘွယ်၊
အံ့ဩဘွယ်--အံ့ဩဘွယ်
ကျွန်ုပ်သခင်ယေရှုအံ့ဩဘွယ်။

မျက်စိဖြင့်မြင်၊ နားဖြင့်ကြား။
ကျမ်းစာ၌ရေးသားထား၊
ကျွန်ုပ်သခင်ယေရှု အံ့ဩဖွယ်။

## ဝမ်းမြောက်ဘွယ်ရာသတင်း

(ဝမ်းမြောက်ဘွယ်ရာ)သတင်းကိုပြောပြမည်။
အပ္ပါယ်ငရဲမှကယ်တင်ခြင်းသို့သွားရာလမ်းဖြစ်သည်။
သေခြင်းမှအသက်ရှင်ခြင်းသို့ကူးပြောင်းပေးကာအပြစ်ဒုက္ခမှ
သုခချမ်းသာပေးသည့်သမ္မာတရားအမှန်ဖြစ်သည်။
ဤကယ်တင်ခြင်းဧဝံဂေလိတရားကို
(ဟောပြောကြမည်)၂-ခါ အများအတွက်သမ္မာတရားအမှန်ဖြစ်သည်။

## ကယ်တင်ခြင်းအကြောင်း

(ကယ်တင်ခြင်းအကြောင်းကို)၂ခါ- လူတိုင်းသိစေရမည်။
ခရစ်တော်သာလျှင်ကောင်းကင်အောက်မြေကြီးပေါ်ရှိ
လူတိုင်း၏ကယ်တင်ရှင်ဖြစ်သည်။
ခရစ်တော်သာလျှင်အပြစ်ကျွန်မှလွတ်ကင်းစေလျှက်
သေခြင်းမှကယ်တင်နိုင်ခဲ့သည်။
ယုံကြည်သူ၊ယုံကြည်သောသူ၊အပြစ်ဒဏ်စီရင်ခြင်း
ကင်းလွတ်ကာ၊ထာဝရအသက်ကိုရမည်။

## ကယ်တင်ခြင်းကိုညွှန်ကာလမ်းပြမည်

ကယ်တင်ခြင်းကိုညွှန်ကာလမ်းပြမည်။
ကိုယ်တော်သည်သင့်အားအမြဲဖိတ်ခေါ်သည်။
ခေါ်ရာလမ်းကိုလျှင်မြန်လှမ်းကြမည်။
ပြင်ဆင်ကာနောင်တတရားများနှင့်ဆက်ကပ်ချိန်မှီယေရှုဆီ

ထပ်ဆိုရန် ။ ။ သစ္စာတည်ရာလမ်းသို့လှမ်းကြမည်
ခိုင်မာတည်ကြည်ဖြောင့်ဖြူးသည်
ယုံကြည်သောသူကယ်တင်ခြင်းရမည်
မည်သူမဆိုအပြစ်သားများဘဝမှ
လွတ်မြောက်ကာပျော်ရွှင်ရမည်

ထို့ကြောင့်သင်တို့ဆုတောင်းရမည်မှာ ၊ ကောင်းကင်ဘုံ၌ရှိတော်မူသောအကျွန်ုပ်တို့အဘ၊ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ်ခြင်းရှိပါစေသော်-နိုင်ငံတော်တည်ထောင်ပါစေသော၊အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာပြည့်စုံပါစေသော၊အသက်မွေးလောက်သောအစာကိုအကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ၊သူတစ်ပါးသည်အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကိုအကျွန်ုပ်တို့သည်လွှတ်သကဲ့သို့အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ၊အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ၊မကောင်းသောအမှုအရာမှလည်းကယ်နှုတ်တော်မူပါ၊အစိုးပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်
သည်ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏။ အာမင် - ဟုဆုတောင်းကြလော့။ (မဿဲ ၆ း ၉ - ၁၃ )

## ခရစ်ယာန်တယောက်အတွက်နေ့စဉ်ဆုတောင်းရန်ဆုတောင်းချက်

သခင်ယေရှုမြတ်စွာဘုရား၊ကျွန်တော်မျိုး၏အတွင်း၌ကိုယ်တော်ရှင်၏အုပ်စိုးခြင်းကိုခံစားလိုပါ၏၊သခင်ဘုရား၊ကျွန်တော်၏အတွင်းသို့ကြွတော်မူလျက်ကျွန်တော်၏ဝိညာဉ်ကိုကိုယ်တော်ရှင်၏ဝိညာဉ်တော်ပြည့်ဝစေတော်မူပါ။ကျွတော်၏အသိဉာဏ်ထဲတွင်ကိုယ်တော့်နည်းတူအရာခပ်သိမ်းကိုသိမှတ်နိုင်စွမ်းမစတော်မူလျက်စိတ်နှိမ့်ချခြင်းသဘောကိုပေးတော်မူပါ။အကျွန်ုပ်၏ခန္ဓာအတွင်းသို့ကိုယ်တော်ရှင်၏ကျန်းမာခြင်းဆုကျေးဇူးတော်နှင့်ရောဂါပျောက်ကင်းခွင့်ကိုပေးတော်မူပါ။အကျွန်ုပ်၏လုပ်ကိုင်လေသမျှနှင့်အသက်ရှင်မှုများတွင်ကိုယ်တော်ရှင်ဦးဆောင်မှုကိုမစတော်မူပြီးကိုယ်တော်ရှင်ပြောစေလိုသောအရာများကိုသာပြောစေတော်မူပါ။

အကျွန်ုပ်၏အတွင်းသို့ကိုယ်တော်ရှင်ကြွတော်မူပါသခင်ယေရှုဘုရားကိုယ်တော်ရှင်ကြွရောက်ပြီး-အကျွန်ုပ်၏အလိုကိုကိုယ်တော်ရှင်၏အလိုတော်ဖြစ်စေမူပါ။

* အကျွန်ုပ်၏အသိဉာဏ်ကို ကိုယ်တော်ရှင်၏အသိဉာဏ်ဖြစ်စေတော်မူပါ။
* အကျွန်ုပ်၏စိတ်ဝိညာဉ်ကို ကိုယ်တော်ရှင်၏စိတ်ဝိညာဉ်ဖြစ်စေတော်မူပါ။
* အကျွန်ုပ်၏နှလုံးသားကို ကိုယ်တော်ရှင်၏နှလုံးသားဖြစ်စေတော်မူပါ။
* အကျွန်ုပ်၏ဝမ်းမြောက်ခြင်းကို ကိုယ်တော်ရှင်၏ဝမ်းမြောက်ခြင်းဖြစ်စေတော်မူပါ။
* အကျွန်ုပ်၏အသက်တာကို ကိုယ်တော်ရှင်၏အသက်တာဖြစ်စေတော်မူပါ။

အကျွန်ုပ်၏အတွင်းသို့ကြွတော်မူပါခရစ်တော်ယေရှုဘုရား။အကျွန်ုပ်
နှင့်တကွရှိသမျှအလုံးစုံကိုလက်ခံတော်မူပါ။ကိုယ်တော်ရှင်ကိုသာအမြဲ
ဝတ်ပြုခွင့်ပေးတော်မူပါ။သူတစ်ပါးတို့အားကိုယ်တော်ရှင်အတွက်သက်သေ
ခံရန်အကျွန်ုပ်အားသက်သေခံအဖြစ်ရပ်တည်ခွင့်ပေးတော်မူပါ။
ကိုယ်တော်၏ နာမတော်မြတ်၌ ဆုတောင်းပါ၏။ - အာမင်။

**တမန်တော် ၁၆ း ၃၁** - ထိုသူတို့ကလည်းသခင်ယေရှုခရစ်ကိုယုံကြည်
လော့။ယုံကြည်လျှင်သင်နှင့်သင်၏အိမ်သား
တို့သည်ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။

**၁ ကော ၁၅ း ၃ - ၄** - ငါသည်ကိုယ်တိုင်ခံယူသည့်အတိုင်းသင်တို့
အားရှေးဦးစွာအပ်ပေးသောအကြောင်းအရာ
ဟူမူကား၊ခရစ်တော်သည်ကျမ်းစာလာသည့်
တိုင်းငါတို့၏အပြစ်ကြောင့်အသေခံတော်မူ၏
သင်္ဂြိုလ်ပြီးမှကျမ်းစာလာသည့်အတိုင်းသုံး
ရက်မြောက်သောနေ့၌ထမြောက်တော်မူ၏။

**ဟေဗြဲ ၉ း ၁၄ - ၂၈** - အပြစ်ကင်းသောကိုယ်တော်ကိုထာဝရဝိညာဉ်
တော်အားဖြင့်ဘုရားသခင်ရှေ့၌တင်လှူပူဇော်
သောခရစ်တော်၏အသွေးသည်သေခြင်းနှင့်
စပ်ဆိုင်သောအကျင့်ကိုပယ်ရှင်း၍သင်တို့
သည်အသက်ရှင်တော်မူသောဘုရားသခင်ကို
ဝတ်ပြုမည့်အကြောင်းသင်တို့၌ကိုယ်ကိုကိုယ်

သိသောစိတ်ကိုစင်ကြယ်စေခြင်းငှါသာ
၍တတ်နိုင်တော်မူသည်မဟုတ်လော။ထို
ထိုနည်းတူခရစ်တော်သည်လူများအပြစ်တို့ခံ
ခြင်းငှါတစ်ခါတည်းကိုယ်ကိုပူဇော်ပြီးမှ
နောက်တဖန်ထိုသခင်ကိုမျှော်လင့်လျက်နေ
သောသူတို့ကိုကယ်တင်ခြင်းအလို့ငှါအပြစ်
နှင့်မဆိုင်ဘဲပေါ်ထွန်းတော်မူလတံ့။